မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

April 12 , 2024 Volume 77, Number 10

၁၂.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၅၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၉.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၉.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၃.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၁.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၈၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၈၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၃၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၆၄၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဆန်ဈေးအနည်းငယ်မြင့်တက်၊ ဆန်ကွဲ၊ ဖွဲနုဈေးတည်ငြိမ်

ပဲခူးကုန်စည်ဒိုင်တွင် ဆန်မျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ၅.၄.၂၀၂၄ ရက်နေ့တွင် ညှော်မထဆန်(မနေသုခ) တစ်အိတ်လျှင် ၇၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေး ဆန်တစ်အိတ်လျှင် ၁၂၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ်လျှင် ၅၂,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ်လျှင် ၅၀၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် ၁၅,၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ၁၂.၄.၂၀၂၄ ရက်နေ့တွင် ညှော်မထဆန်(မနေသုခ) တစ်အိတ်လျှင် ၇၆,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေး ဆန်တစ်အိတ်လျှင် ၁၃၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ်လျှင် ၅၂၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ်လျှင် ၅၀၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် ၁၅၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ညှော်မထဆန်(မနေသုခ) တစ်အိတ်လျှင် ၆၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေး ဆန်တစ်အိတ်လျှင် ၁၀,၀၀၀ ကျပ်တို့ဖြင့် ဈေးမြင့်တက်ခဲ့သည်။ ဆန်ကွဲနှင့်ဖွဲနုအနေဖြင့် ဈေးတည်ငြိမ်လျက်ရှိပြီး ညှော်မထဆန်နှင့် ပေါ်ဆန်းမွှေး ဆန်ဈေးမြင့်တက်သွားခြင်းမှာ ဝယ်လိုအားကောင်းလာ၍ အဝယ်လိုက်လာခြင်းကြောင့် ဈေးမြင့်တက်သွားခြင်းဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှ သိရသည်။

**Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/ article/bago%2012.4.2024%201223

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင် အိတ်ရေ ၄၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်၌ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချိုချို၏ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒေသထွက်လယ်ယာထွက်ကုန်များ တင်ပို့ရောင်းချလျက်ရှိရာ မတ်လအတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေတာပါ။ ဖေဖော်ဝါရီလမှာတော့ ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၃၇,၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ရန်ကုန်ဈေးကွက်ကို အရင်လတွေကထက် ပဲတီစိမ်းတွေ ပိုပြီးတင်ပို့ရောင်းချခဲ့ရပါတယ်" ဟု ဒေါ်ချိုချိုကပြောသည်။

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ

ဖုန်းနံပါတ်၊ ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

မအူပင်မြို့နယ်မှ ပဲတီစိမ်းများကို ၂၄ ပြည်ဝင်အိတ်များဖြင့်ထည့်ပြီး စနစ်တကျချုပ်လုပ်ကာ ရန်ကုန်ဈေးကွက်သို့ ကုန်တင်ယာဉ်၊ ကုန်တင်သင်္ဘောများဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် တရုတ်၊ ထိုင်းနှင့်အိန္ဒိယနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

**Source: မြဝတီသတင်းစာ**

## သင်္ကြန်ပိတ်ရက်များ မတိုင်မီ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အမြင့်ဈေးများဖြင့် အရောင်းအဝယ်သွက်နေ

သင်္ကြန်ပိတ်ရက်များမတိုင်မီ ပဲ၊ နှမ်းဈေးကွက်အမြင့်ဈေးများဖြင့် အရောင်းအဝယ်သွက်နေကြောင်း ပဲကုန်သည်များထံက သိရသည်။

သင်္ကြန်ကာလမတိုင်မီ ဖြစ်ပေါ်ခဲ့သောအမြင့်ဈေးများအတိုင်း ပိတ်ရက်များအလွန်တွင်လည်း ဆက်လက်ဈေးကောင်းနေနိုင်ကြောင်း ပဲ၊ နှမ်းကုန်သည်များ သုံးသပ်ထားသည်။ ယခုသင်္ကြန် အကြိုသီတင်းပတ်အတွင်း ပဲ လှောင်လက်သမားများ အဝယ်ကောင်းနေတာကြောင့် ဈေးကွက်အရောင်းအဝယ်ကောင်းနေခြင်းဖြစ်သည်။

ပဲ၊ နှမ်းလောကတွင် ပဲသစ်များကို သင်္ကြန်ကာလ မတိုင်မီ လှောင်လက်သမားများ အဝယ်ကောင်းနေတာကြောင့် ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အမြင့် ဈေးဖြစ်လာအရောင်းအဝယ် ကောင်းနေပြီး ပို့ကုန်ပဲများနှင့် ဈေးကွက်ကျဆင်းနေသည့် ပြည်တွင်းသုံး ကုလားပဲအုပ်စု ဈေးမြင့် အဝယ်သွက်နေကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။ "သင်္ကြန်ကာလ ပိတ်ရက်များမတိုင်မီ ပဲ၊ နှမ်းဈေးကွက် အတက်ဈေးတန်းနဲ့ အရောင်းအဝယ်ရပ်နားသွားပါတယ်။ ပို့ကုန်ပဲတွေ ဈေးတက်သလို ဈေးကျဆင်းနေတဲ့ ကုလားပဲအုပ်စုလည်း ဈေးအနိမ့်ဆုံးကနေ ဈေးပြန်တက်လာပါတယ်။ ပြည်တွင်းငွေလဲနှုန်းမြင့်တက်လာတာရယ်၊ ပဲလှောင်လက်သမားတွေက သင်္ကြန်ကာလာမတိုင်မီ အပြီးဝယ်ယူကြတာဖြစ်လို့ ပိတ်ရက်တွေမတိုင်မီ အရောင်းအဝယ်သွက်ခဲ့ပါတယ်။ ဒါကြောင့် ပြည်တွင်းသုံးကုလားပဲဈေးတွေ၊ ပဲမာလိုင်းတွေ ဈေးပြန်ကောင်းခဲ့ပါတယ်။ ပဲဈေးကွက်တစ်ခုလုံးကတော့ သင်္ကြန်ကာလမတိုင်မီ အမြင့်ဈေးတန်းနဲ့ ဈေးကွက်ပိတ်ခဲ့ပြီး ဈေးကွက်ပြန်စရင်လည်း ဈေးကွက်ဈေးကောင်းမဲ့ အခြေအနေတွေရှိပါတယ်"ဟု ၎င်းကပြောသည်။

ဧပြီ ၁၀ ရက်တွင် ပို့ကုန်ပဲများ ဈေးကျဆင်းနေရာမှဆက်လက်မြင့်တက်လာရာ မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃၈၀,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်း(အညာ)တစ်အိတ်လျှင် ငွေကျပ် ၁၂၅,၀၀၀ ပေါက်ဈေးဖြစ်နေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးတည်ငြိမ်နေရာ ဧပြီ ၁၀ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၄၈,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၅,၀၀၀၊ ထိုင်ဝမ် ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၃၅,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၃,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ နယ်စုံမှအသစ်ဝင်ရောက်လျက်ရှိပြီး လှောင်လက်သမားများ အဝယ်ကောင်းနေတာကြောင့် ဈေးတန်းမြင့်တက်လာရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၆၅,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၄၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၇၀,၀၀၀၊ ကနေဒါ စားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၅,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၇,၆၀၀ အထိ ပေါက်ဈေးရှိနေသည်။

ဧပြီ ၁၀ရက်တွင် နှမ်းမျိုးစုံ အနည်းငယ်ဈေးကျဆင်းသွားရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၀၅,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၀၅,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ရုရှားအစိုးရက ခရမ်းချဉ်သီးတန်ချိန် ၁ သိန်းအား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းရန် ခွင့်ပြုခဲ့

ရုရှားဖက်ဒရေးရှင်းအစိုးရသည် ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ခရမ်းချဉ်သီးတန်ချိန် ၁၀၀,၀၀၀ အား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းရန် ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါဆုံးဖြတ်ချက်သည် ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ခရမ်းချဉ်သီးထုတ်ကုန်ဈေးနှုန်း တည်ငြိမ်စေရန် ရည်ရွယ်ကြောင်း အစိုးရ၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါဆုံးဖြတ်ချက်တွင် နိုင်ငံခြားကုန်သွယ်ရေးလုပ်ငန်းများ၌ ပါဝင်သူများအား ကုန်ထုတ်လုပ်မှုပမာဏများ ဖြန့်ဖြူးခြင်းဆိုင်ရာစည်းမျဉ်းများနှင့် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းနိုင်ရန်အတွက် လိုအပ်သောစာရွက်စာတမ်းများ ထုတ်ပေးခြင်းဆိုင်ရာစည်းမျဉ်းများကို အတည်ပြုခဲ့သည်။ ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် အဆိုပါစာရွက်စာတမ်းများကို ထုတ်ပေးမည်ဖြစ်သည်။ ခရမ်းချဉ်သီးတင်သွင်းမှုအပေါ် အခြေခံအကောက်ခွန်နှုန်းထားသည် ကုန်စည်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ဖြစ်သည်။

ဥရောပအာရှစီးပွားရေးကော်မရှင်(EEC) ကုန်သွယ်ရေးဝန်ကြီး Mr. Andrei Slepnev က စားသုံးသူဝယ်လိုအားတိုးလာပြီး ဖန်လုံအိမ်ခရမ်းချဉ်သီးထုတ်လုပ်မှု သိသိသာသာတိုးလာရန် မဖြစ်နိုင်သောကြောင့် သွင်းကုန်ထောက်ပံ့မှုသည် ရေတို ဈေးကွက်ကို ဟန်ချက်ညီအောင် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း မှတ်ချက်ပြုသည်။

ရုရှားနိုင်ငံသည် နှစ်စဉ်ခရမ်းချဉ်သီးတန်ချိန် ၅ သိန်းခန့်တင်သွင်းလျက်ရှိပြီး အဓိကတင်သွင်းသောနိုင်ငံများမှာ အဇာဘိုင်ဂျန်၊ အာမေးနီးယား၊ တရုတ်၊ ဥဇဘက်ကစ္စတန်၊ တူကီယဲ၊ အီရန်နှင့် အီဂျစ်နိုင်ငံများဖြစ်ပါသည်။ တရုတ်၊ တူကီယဲ၊ အီရန်နှင့်အီဂျစ်နိုင်ငံများ၏ ရောင်းချမှုဈေးနှုန်းသည် ပြည်တွင်းထုတ်ကုန်များ၏ဈေးနှုန်းနှင့် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**Source: https://www.interfax.ru/russia/953474**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/article/STP(Yangon)–12042024–12:12

## သဘာဝငါးရံ့၊ မွေးမြူရေးငါးရံ့တို့ထွက်သော ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ငါးရံ့ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ဖေဖော်ဝါရီလက ရန်ကုန်ဈေးကွက်သို့ ငါးရံ့ပိဿာချိန် ၅၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ (၁) ရက်မှ (၃၁) ရက်ထိ ငါးရံ့ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၏ ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၂၅,၀၀၀၊ ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၉၅,၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

အဆိုပါဒေသတွင် ငါးရံ့မွေးမြူရေးလုပ်ငန်းနှင့် သဘာဝအတိုင်း ချောင်း၊ အိုင်၊ မြောင်း၊ လယ်ကွင်းများမှ ရှာဖွေဖမ်းဆီးရရှိသည့် ငါးရံ့များထွက်ရှိကြောင်းသိရသည်။ ကျိုက်လတ်မြို့နယ်၏ ရေထွက်ကုန်ဈေးကွက်သည် ရန်ကုန်ဈေးကွက်ဖြစ်ပြီး ငါးရံ့သည် ပြည်တွင်း၌ အဝယ်လိုက်နေခြင်း ဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=155259

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်၌ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချိုချို၏ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒေသထွက်လယ်ယာထွက်ကုန်များ တင်ပို့ရောင်းချလျက်ရှိရာ မတ်လအတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေတာပါ။ ဖေဖော်ဝါရီလမှာတော့ ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၃၇,၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ရန်ကုန်ဈေးကွက်ကို အရင်လတွေကထက် ပဲတီစိမ်းတွေ ပိုပြီးတင်ပို့ရောင်းချခဲ့ရပါတယ်" ဟု ဒေါ်ချိုချိုကပြောသည်။

မအူပင်မြို့နယ်မှ ပဲတီစိမ်းများကို ၂၄ ပြည်ဝင်အိတ်များဖြင့်ထည့်ပြီး စနစ်တကျချုပ်လုပ်ကာ ရန်ကုန်ဈေးကွက်သို့ ကုန်တင်ယာဉ်၊ ကုန်တင်သင်္ဘောများဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် တရုတ်၊ ထိုင်းနှင့်အိန္ဒိယနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

**Source: မြဝတီသတင်းစာ**

## အာလူး အဝင်များလာသည့်အတွက် ဈေးနှုန်းကျဆင်း


အောင်ပန်းမြို့ပွဲရုံတစ်ခုရှိ အာလူးအိတ်များကို တွေ့ရစဉ်။

အာလူးအဝင်များလာသည့်အတွက် ဈေးကျနေပြီး လာမည့်လပိုင်းတွင်လည်း ယခုအတိုင်း ဆက်လက်ရှိနေနိုင်ကြောင်း အာလူးဈေးကွက်အတွင်းမှသိရသည်။ ယင်းသို့ အာလူးဈေးနှုန်းများ ဆက်လက်ကျဆင်းနေရခြင်းမှာ မြန်မာနိုင်ငံဈေးကွက်အတွင်းသို့ တရုတ်နိုင်ငံဘက်မှ မျက်နီအာလူးများ ဝင်ရောက်လာခြင်းအပါအဝင် မြန်မာနိုင်ငံအတွင်း စိုက်ပျိုးထွက်ရှိသည့် အာလူးများ ဈေးကွက်အတွင်း ပေါ်များလာသောကြောင့်ဖြစ်ကြောင်းသိရသည်။ "စပေါ်တုန်းကဆို ဆိုဒ်ကြီးက တစ်ပိဿာ ငွေကျပ် ၂,၆၀၀ ကနေ ငွေကျပ် ၂,၈၀၀ အထိ ရောင်းတာ။ အခုအဲဒီဆိုဒ်က ငွေကျပ် ၂,၀၀၀ ပဲတန်တယ်။ ကျသွားတာပေ့ါ။ နှစ်ပတ်ကျော်လောက်တော့ရှိပြီ။ ဘာလို့ကျတာလဲဆိုတော့ မန္တလေးဘက်လည်း အာလူးတွေရပြီလေ။ မြစ်ကြီးနားဘက်ကရပြီ။ နောက်ပြီး တရုတ်ပြည်ဘက်ကနေ ဈေးချိုတဲ့မျက်နီအာလူးတွေ ဝင်လာပြီ။ နောက်လအထိ သွားမယ်ထင်တယ်" ဟု ဟိုပုံးမြို့နယ်ရှိ အာလူးရောင်းဝယ်ရေးဆိုင်တစ်ဆိုင်မှ ဆိုင်ရှင်တစ်ဦးကပြောသည်။

လက်ရှိဈေးကွက်တွင် စားသုံးမှုအများဆုံး အလုံးအလတ်စား အာလူးတစ်ပိဿာလျှင် ပျမ်းမျှ ကျပ် ၁,၈၀၀ ခန့်ရှိနေပြီး ယခင်ကာလများက ကျပ် ၂,၆၀၀ အထိဈေးပေါက်ခဲ့ကြောင်းသိရသည်။ "လက်ရှိမှာ အာလူးကဈေးကွက်ထဲမှာ ပစ္စည်းတော်တော်စုံနေပြီ။ ဒါကြောင့် ဈေးကျသွားတာပါ။ မြန်မာနိုင်ငံမှာ အာလူးစားတဲ့သူလည်းများတယ်။ ဒါပေမဲ့ အချိန်ကာလတစ်ခု ရောက်ရင်တော့ ဈေးကောင်းမှာပါ။ ဒီနှစ်မှာတော့ အာလူးကအရောင်းသွက်နေတယ်" ဟု ရန်ကုန်မြို့ရှိ ကုန်စိမ်းဒိုင်တစ်ခုမှ တာဝန်ရှိသူက ပြောသည်။

**Source: ကြေးမုံသတင်းစာ**

## မြန်မာ့သရက်သီးများကို ကျိုင်းတုံ – မိုင်းလား – တာလေ့မှ တင်ပို့ရန်ဆွေးနွေး

မြန်မာ့သရက်သီးများကို ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကျိုင်းတုံ–မိုင်းလား–တာလေ့ လမ်းကြောင်းမှတဆင့် တရုတ်နိုင်ငံဈေးကွက်သို့တင်ပို့ရန် ဆွေးနွေးခဲ့ကြောင်းသိရသည်။

မြန်မာ့သရက်သီးများ တရုတ်ပြည်သို့ တင်ပို့နိုင်ရေးအတွက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲကုန်သည်ကြီးများ အသင်းတာဝန်ခံနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးတွင် အသင်းတာဝန်ရှိသူများ သရက်သီးစိုက်တောင်သူများနှင့်အတူ ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တရုတ်သို့တင်ပို့ရန်ဖြစ်နိုင်သော လမ်းကြောင်းများမှတစ်ဆင့် မြန်ဆန်စွာတင်ပို့နိုင်ရေး၊ တရုတ်ဘက်မှစစ်ဆေးမှု မြန်ဆန်သက်သာရေးနှင့် ဖြစ်နိုင်သည့်ကုန်ထုတ်လမ်းကြောင်းများ ရှာဖွေတင်ပို့ရေးနိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ အထူးသဖြင့် ကျိုင်းတုံ–မိုင်းလား–တာလေ့မှ တင်ပို့ရာတွင်ရင်ဆိုင်ရမည့် လမ်းကြောင်းအခွန်အခများနှင့် ကြာမြင့်မှုအခြေအနေများကြောင့် ကုန်သွယ်မှုအတားအဆီး(Trade barrier)များအတွက် ညှိနှိုင်းပေါင်းစပ်အဖြေရှာခဲ့ကြကြော င်း သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် သရက်သီးများကို ပြည်ပသို့တင်ပို့ရာတွင် ယခင်နှစ်များ၌ တန်ချိန်သောင်းနှင့်ချီ တင်ပို့နိုင်သော်လည်း ယခုနှစ်တွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ အခက်အခဲရှိနေခြင်းကြောင့် ယခင်နှစ်များ၏ ဆယ်ပုံတစ်ပုံသာ တင်ပို့နိုင်မည်ဖြစ်ကြောင်း ကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

မြန်မာ့သရက်သီးကို ဧပြီလမှစ၍ ဩဂုတ်လအထိ ပြည်ပသို့တင်ပို့လေ့ရှိပြီး တရုတ်နှင့်စင်္ကာပူနိုင်ငံတို့သို့ နယ်စပ်လမ်းကြောင်းနှင့် ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့ကြကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=155251

## မော်လ်ဒိုက်သို့ သကြား၊ ဆန်နှင့်ကြက်သွန်နီများတင်ပို့ခွင့်ပြုခဲ့သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်အရ Maldives သို့ ဥများ၊ အာလူး၊ ကြက်သွန်နီ၊ ဆန်၊ ဂျုံမှုန့်၊ သကြား၊ ပဲမျိုးစုံ၊ ကျောက်ခဲမျိုးစုံ(stone aggregate)နှင့် မြစ်မှရယူသောသဲ (river sand)တို့ကို တင်ပို့ရောင်းချခွင့်ပြုခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် အဆိုပါထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချခွင့်အား လတ်တလောတွင် တားမြစ်ကန့်သတ်ထားခြင်းဖြစ်သည်။

၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အဆိုပါထုတ်ကုန်များကို သတ်မှတ်သောအရေအတွက် ကန့်သတ်ချက်အရသာ တင်ပို့ရောင်းချခွင့်ပြုခဲ့ခြင်းဖြစ်ပြီး၊ လက်ရှိတည်ဆဲနှင့် အနာဂတ်တွင်ပြုလုပ်မည့် ပို့ကုန်ဆိုင်ရာ တားမြစ်ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

ဥမျိုးစုံအရေအတွက် ၄၂၇ ဒသမ ၅၄ သန်း၊ အာလူးကို ၂၁၅၁၃ ဒသမ ၀၈ တန်၊ ကြက်သွန်နီကို ၃၅၇၄၉ ဒသမ ၁၃ တန်၊ ဆန်ကို ၁၂၄၂၁၈ ဒသမ ၃၆ တန်၊ ဂျုံမှုန့်ကို ၁၀၉၁၆၂ ဒသမ ၉၆ တန်၊ သကြားကို ၆၄၄၉၄ ဒသမ ၃၃ တန်နှင့် ပဲမျိုးစုံကို ၂၂၄ ဒသမ ၄၈ တန်အထိ အများဆုံးတင်ပို့ခွင့်ပြုထားကြောင်းသိရသည်။ ကျောက်ခဲမျိုးစုံနှင့်သဲကို ဘဏ္ဍာနှစ်တစ်နှစ်လျှင်အများဆုံး တန်ချိန် ၁၀ သိန်းသာ တင်ပို့ခွင့်ပြုရန် အစိုးရမှဆုံးဖြတ်ထားကြောင်းသိရသည်။

သို့သော် သဲနှင့်ကျောက်ခဲမျိုးစုံတင်ပို့မှုနှင့်စပ်လျဉ်း၍ ထုတ်လုပ်တင်ပို့ရောင်းချသည့် ကုမ္ပဏီများအနေဖြင့် အဆိုပါထုတ်ကုန်များထုတ်လုပ်သည့်နေရာသည် ကန့်သတ်ဧရိယာများအတွင်းမဖြစ်ရန်လိုအပ်ပြီး၊ သက်ဆိုင်ရာဌာနများ၏ ကင်းရှင်းကြောင်းထောက်ခံချက်များ ရယူဆောင်ရွက်သွားရမည်ဟုဆိုသည်။ ပြည်နယ်အစိုးရများ၏ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိကြောင်းနှင့် ကန့်ကွက်ရန်မရှိကြောင်း အသိအမှတ်ပြုလက်မှတ်များကိုလည်း ရယူရန်လိုအပ်ကြောင်း သိရသည်။

Maldives သည် ၎င်း၏ဒုတိယ Aviation platform တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အိန္ဒိယစစ်တပ်အရာရှိများကို ယခုနှစ် မေလ ၁၅ ရက်နေ့နောက်ဆုံးထား၍ အစားထိုးထွက်ခွာရန် ပန်ကြားထားပြီး၊ နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လတ်တလောတွင် အိန္ဒိယစစ်တပ်အရာရှိအချို့နေရပ်ပြန်လာကြပြီဖြစ်ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံသည် လတ်တလောတွင် ပြည်ပတင်ပို့ခွင့်ရပ်ဆိုင်းထားသော ထုတ်ကုန်အချို့ကို Maldives သို့ ကန့်သတ်ချက်ဖြင့် တင်ပို့ရောင်းချခွင့်ပြုခဲ့သည်ကို ကြည့်ခြင်းအားဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

လျက်ရှိသည်ကို တွေ့ရသည်။ ဆေးဝါးသယ်ယူပို့ဆောင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ် ရာတွင် ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယစစ်တပ်မှလေကြောင်းဆိုင်ရာအရာရှိ (၈၀)ဦးကို စေလွှတ်ထားသည့်အပေါ် Maldives သမ္မတသစ်မှ သဘောမတူသည့်အတွက် အရပ်သားအရာရှိများနှင့်အစားထိုးပေးရန် နှစ်ဖက်အစိုးရမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။


**ရည်ညွှန်း။ The Hindu Businessline, India allows sugar, rice and onion exports to Maldives, April 05, 2024**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

**Category: International News**

**https://myantrade-gov-mm.translate.goog/**

## STOCK EXCHANGE (12.4.2024)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 12th Apr. 2024

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.26 | +1.73 | +0.47% | 368.16 | 369.26 | 368.05 | 2,055 | 4,628,550 | 8 | 696,499 |

Index chart





YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 12th Apr. 2024

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.26 | +1.73 | +0.47% | 368.16 | 369.26 | 368.05 | 2,055 | 4,628,550 | 8 | 696,499 |

Index chart

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 12th Apr. 2024

| Trading Volume | Trading Value |
|---|---|
| 2,055 (Shares) | 4,628,550 (MMK) |

### Main Board

As of 1:00 pm, 12th Apr. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,055 (Shares) | 4,628,550 (MMK) |

| MYANPIX | 369.26 ▲ 1.73 |
|---|---|
| Total Volume (shares) | 2,055 |
| Total Value (MMK) | 5 mil |
| Listed Company | 8 |
| Market Cap. (MMK) | 696,499 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 100 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 100 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 2,000 | ▲ 0 |

TIR